# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁၀/၂၀၂၆)

၁။ လူသားတို့၏ ပျမ်းမျှသက်တမ်းမြင့်တက်လာခြင်းနှင့်အတူ တစ်နှစ်ထက်တစ်နှစ် အရေအတွက် တိုးပွားလျက်ရှိသည့် သက်ကြီးပုဂ္ဂိုလ်များအား အသိအမှတ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးနှင့်သက်ဆိုင်သော အခြေခံမူများ ချမှတ်ခဲ့ပါသည်။

၂။ ယင်းအခြေခံမူများနှင့်အညီ သက်ကြီးပုဂ္ဂိုလ်များ၏ လွတ်လပ်စွာ ရပ်တည် ဆုံးဖြတ်ချက်ချနိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊ ပြုစုစောင့်ရှောက်မှု ခံယူပိုင်ခွင့်၊ မိမိစွမ်းရည်ကို အပြည့်အဝဖော်ထုတ်နိုင်ရန် အခွင့်အလမ်းများရရှိခွင့်နှင့် ခွဲခြားဆက်ဆံခံရခြင်း ကင်းဝေးပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ခွင့်တို့ကို မြှင့်တင်ကာကွယ်ပေးခြင်းဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝအရည်အသွေးကို မြင့်မားစေသည့်အပြင် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများက လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက် အဖိုးအနဂ္ဃထိုက်တန်သော အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေမည် ဖြစ်ပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် သက်ကြီးပုဂ္ဂိုလ်များသည် အခြားသူများ နည်းတူ အသက်ရှင်သန်ခွင့်၊ လုံလောက်သည့် လူနေမှုအဆင့်အတန်းအတွက် လူမှုအထောက်အပံ့များ ရရှိခွင့်နှင့် ဘဝလုံခြုံမှုရရှိခွင့်တို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်းမှာ သက်ကြီးပုဂ္ဂိုလ်များဖြစ်ရာ ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကော်မတီတို့ကို ဖွဲ့စည်းကာ သက်ကြီးပုဂ္ဂိုလ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး အလေးထား ကူညီဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် သက်ကြီးပုဂ္ဂိုလ်များ၏ လူသားဂုဏ်သိက္ခာကို အသိအမှတ်ပြုကာ ၎င်းတို့၏အခွင့်အရေးများ မြှင့်တင်ကာကွယ်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ဟောပြောပွဲများ၊ သက်ကြီးပုဂ္ဂိုလ်များ ပြုစုစောင့်ရှောက်ရေး သင်တန်းများတွင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးများ ထည့်သွင်းဆွေးနွေးပို့ချခြင်းနှင့် ဘိုးဘွားရိပ်သာများတွင် အခြေခံလူ့အခွင့်အရေးများဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအာဟာရနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးမှု၊ မိသားစု၊ မိတ်ဆွေများနှင့် တွေ့ဆုံနိုင်ရေးစီစဉ်ပေးမှု စသည်တို့အပေါ် သွားရောက်ကြည့်ရှု၍ သက်ကြီးပုဂ္ဂိုလ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး သက်ဆိုင်ရာသို့ အကြံပြုခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons) အတွက် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ **“The Age of Longevity: Rethinking Systems for Longer Lives” (သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်)** ဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်ရှိသက်ကြီးပုဂ္ဂိုလ်အားလုံး ဂုဏ်သိက္ခာရှိစွာဖြင့် သက်ရှည်ကျန်းမာနေပျော်သည့် ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေးအတွက် သမားရိုးကျ ဘဝနေထိုင်မှု လမ်းကြောင်းများမှသည် ဘဝနေနည်းပုံစံသစ်များ ဖော်ဆောင်ရန်နှင့် ကမ္ဘာ့လူနေမှုစနစ်များကို ပြန်လည်ဆန်းစစ်ရန် နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းအားလုံးက အလေးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁ ရက်